# မာ တိ ကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆရာဦးသန်းဋ္ဌေး (ဝေဒ) ၏အမှာစာ | |
| ၂။ | စာရေးသူ၏ အမှာစာ | |
| ၃။ | ဦးအောင်ဇေယျ (အလောင်းမင်းတရားကြီး) | ၁ |
| ၄။ | ဒီပဲယင်းမင်း (နောင်တော်ကြီး) | ၁၇ |
| ၅။ | ဆင်ဖြူရှင်မင်း (မြေဒူးမင်း) | ၂၅ |
| ၆။ | စဉ့်ကူးမင်း | ၃၂ |
| ၇။ | ဖောင်ကားစား မောင်မောင် | ၃၉ |
| ၈။ | ဗဒုံမင်းတရားကြီး (ဘိုးတော်ဘုရား) | ၄၇ |
| ၉။ | စစ်ကိုင်းမင်း (ဘကြီးတော်ဘုရား) | ၅၈ |
| ၁၀။ | သာယာဝတီမင်း | ၆၈ |
| ၁၁။ | ပုဂံမင်း | ၈၀ |
| ၁၂။ | မင်းတုန်းမင်း | ၉၇ |
| ၁၃။ | သီပေါမင်း | ၁၁၈ |
| ၁၄။ | ရွှေတောင်မင်း မဟာဥပရာဇာ (ရခိုင်နိုင်အိမ်ရှေ့မင်းသားကြီး) | ၁၄၂ |
| ၁၅။ | ကနောင်မင်းသား မဟာဥပရာဇာ | ၁၆၆ |
| ၁၆။ | မြင်ကွန်းမင်းသား နှင့် မြင်းခုံတိုင်မင်းသား | ၁၉၃ |
| ၁၇။ | ကုန်းဘောင်မင်းများ၏ ဘွဲ့တော်နှင့် ယေ်နာမည် စာရင်း | ၂၀၇ |
| ၁၈။ | ကျမ်းကိုးစာရင်း | ၂၀၈ |
| ၁၉။ | စာရေးသူ၏ ကိုယ်ရေးအကျဉ်းချုပ် | ၂၀၉ |

# "ဆရာဦးသန်းဋ္ဌေး (ဝေဒ) ၏အမှာစာ"

ဇာတာ – ဇာတာဟူသည်မှာ မြေကမ္ဘာ၏မိုးကုပ်စက်ဝိုင်း (ရာသီစက်ဝန်း)အတွင်းတွင် ဂြိုဟ်၊ လဂ်၊ နက္ခတ်၊ တာရာတို့ မည်သည့်ရာသီ၊ ဘာဝတွင် တည်ရှိသည်ကို မှတ်တမ်းတင် ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ကောင်းကင်၏ မှတ်တမ်းတင်ခြင်းဖြစ်သည်။

အတိတ် (အတီတ) – ရှေးပဝေဏီ၊ မဆွ၊ ယခင်၊ ယခေါင်၊ အထက်၊ ပကထူး၊ လွန်ခဲ့ပြီးသော။

နိမိတ် (နိမိတ္တ) – အမှတ်၊အမှတ်အသား၊ အကြောင်း ၊မှတ်ကြောင်း၊ အခြင်းအရာ၊ အကြောင်းအာရုံ၊ အာရုံ၊ အင်္ဂါဇာတ်၊ ဖြစ်သည့်အကြောင်း၊ နိမိတ်ဖတ်ခြင်း။

တဘောင် – ကလေး၊သဘင်သည်၊အရူးတို့ ရောက်တတ်ရာရာ ပြောစကားကို ပညာရှင်တို့က အဓိပ္ပာယ်ဖွင့်ဆိုခြင်း။

စနည်း – လူထုကြား ဒိုကြွေးခြင်း၊ ပြောဆိုခြင်း နိမိတ်ကို မင်္ဂလာရှိခြင်း၊ မင်္ဂလာမဲ့ခြင်းတို့ဖြင့် ဖော်ပြသည်။

စနည်းနာ – စုံစမ်းထောက်လှမ်းရာ သတိဖြင့် ဖြည်းဖြည်းချင်း ရှေ့တိုးသွား၍ နားထောင်ခြင်း။

"ဇာတာတော်ပုံ ရာဇဝင်" နောက်ဆက်တွဲတွင် ဖော်ပြသည်။

နိုင်ငံတော်အစိုးရ ပြက္ခဒိန်တော်ဆက်အဖွဲ့ဝင် ဗေဒင်ပညာရှိ ဦးထွန်းမောင်ထံမှ စုဆောင်းရရှိသည်။ ထပ်ဆင့် ကျေးဇူးတင်ပါသည်။

ရှင်သာမဏေအရွယ် ကိုးကျမ်းအောင်ခဲ့သည့်အတွက် မဟာလင်္ကာရဘွဲ့တော် ရခဲ့သော ဦးတိက္ခ မဟာလင်္ကာရ ဟင်္သာတပိုးစာတော်တိုက် မဟာလင်္ကာရတိုက်အုပ်ဆရာတော်သည် "မြန်မာ့ရက် ဖွဲ့သမိုင်း" ကုန်းဘောင်ခေတ်ကို ပြုစုတော်မူခဲ့သည်။

"ဇာတာတော်ပုံ ရာဇဝင်"တွင် ဆရာလှသမိန်တည်းဖြတ်သည့် အလောင်းမင်းတရားမှ သီပေါမင်း ထိ ဇာတာများ ပါရှိခဲ့သည်။

| | | | | |
|---|---|---|---|---|
| Story | = | စတိုရီ | = | ပုံပြင် |
| High Story | = | ဟိုက်စတိုရီ | = | ရာဇဝင် |
| History | = | ဟစ်စတိုရီ | = | သမိုင်း |

(GH ကိုဖျောက်၍ history ဟု ရေးလေ့ရှိသည်။)

ဆရာဖြိုင် သင်ကြားလေ့ရှိသည်မှာ – သစ်–၆ကြာ၊ စာ–အင်္ဂါ၊ အ–၁နွေ၊ ကျင့်–၂လာ၊ မှန်–၅တေး၊ ကု–၂လာ၊ သီ–၆ကြာ၊ လာ–၄ဟူး၊ သစ်–၆ကြာ၊ စံ–၃ဂါ၊ တ–စနေ။

"မှဆိုးစားကြွင်း ဆန်တစ်တင်း အဖျင်းလေးဆက်ပါလတ္တံ့"

တဘောင်ပေါ်ခဲ့သည်မှာ –

"တုံးအောက်က တီတွန် လူလွန်မသား မုန့်ဆီကြော် အလယ်အက် ပြည်ဖျက်မည့်သား"

မိဖုရားများဖွားရရှိခဲ့သော မင်းတုန်းမင်း (လူလွန်မ)သားတော်စနေသားဖြစ်သော သီပေါမင်းသည် တဘောင်ပေါ်ခဲ့သည့်အတိုင်း မုန့်ဆီကြော် အလယ်အက်ခဲ့သည်။ ပြည်ဖျက်ခဲ့သည်။ သီပေါမင်း အိန္ဒိယသို့ ပါတော်မူခဲ့သည်။

သန်းဋ္ဌေး (ဝေဒ)

သန်းဋ္ဌေး (ဝေဒ)
ဝေဒပညာသိပ္ပံ
ဒုတိယ ဥက္ကဋ္ဌ
မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့

"စာရေးသူ၏ အမှာစာ"

ဗေဒင်ပညာသည် အလွန်နက်ရှိုင်း ကျယ်ပြန့်ပြီး အဖိုးအနစ်သာရရှိသော ပညာဖြစ်သည်။ ဗေဒင်ဝါသနာရှင်များအနေဖြင့် တွက်ရိုးပညာကို လေ့လာပြီးနောက် ဟောပြောနိုင်ရန် ဗေဒင်ကျမ်းပေါင်း မြောက်များစွာကိုဆက်လက်လေ့လာရပါသည်။ ဤစာအုပ်တွင် ကုန်းဘောင်မင်းဆက် မင်း (၁၁)ပါးတို့၏ ဇာတာ၊ အိမ်ရှေ့မင်း ဥပရာဇာ(၂)ပါး နှင့် မြို့စားမင်းသား(၂)ပါးတို့၏ ဇာတာ၊ စုစုပေါင်း ဇာတာ (၁၅) စောင်ကို ဖော်ပြထားပါသည်။ ဇာတာများကို ရာဇဝင်စာအုပ်များပါအတိုင်း ရှေးမူမပျက် ဖော်ပြထားပါသည်။

မင်း၊ မင်းသားတို့၏ နန်းတက်ချိန်၊ နန်းကျချိန်၊ နတ်ရွာစံချိန်တို့ကို ဝိသောတ္တရီ ထူလဒသာ၊ အန္တရဒသာ၊ ပြတျန္တရဒသာများဖြင့် ဖော်ပြထားပါသည်။

မင်း၊ မင်းသားတို့၏ဘဝဇာတ်ခုံအကြောင်းအကျိုး၊အကောင်းအဆိုး အဖြစ်အပျက်များနှင့် ပေါ်ပေါက်ခဲ့သော အတိတ်၊နိမိတ်၊တဘောင်နှင့်စနည်း၊အိပ်မက် စသည်များကိုလည်း စုံလင်စွာ ဖော်ပြထားပါသည်။နက္ခတ်ဗေဒင် ဝါသနာရှင်၊ ပညာရှင် တို့အတွက် အထူးလေ့လာစရာ ကောင်းလှပါသည်။

ဤစာအုပ်ကို ဖတ်ရှုလေ့လာခြင်းဖြင့် ကုန်းဘောင်ဆက် မဟာရာဇဝင်ကို တီးခေါက်မိပြီး ဇာတိမာန်တက်စရာ၊ ဝမ်းနည်းစရာ၊ သင်ခန်းစာယူစရာများကိုပါ စိတ်ဝယ်တိတိ ခံစားမိလာကြရပေလိမ့်မည်။

နာမည်ကျော် စာရေးဆရာ တစ်ဦးက သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း ကို တစ်ခါက မေးဖူးသည် ဆို၏။ "သမိုင်းကို ဘာ့ကြောင့် သင်ရတာလဲ ဆရာ" ဒေါက်တာသန်းထွန်း၏ အဖြေမှာ တိုတိုပင် "မအ အောင်လို့"ဟု ပြောခဲ့ပါသည်။

အသောသူများကား ကျွန်ဘဝရောက်ရပြီးလျှင် လျင်သောလူများက သခင် အဖြစ် ဗိုလ်ကျ စိုးမိုးနေကြသည်။ ကမ္ဘာ့ဇာတ်ခုံကြီးတွင် ရှုမြင်နိုင်လေသည်။ အသောသူများက ပြည်ပပြဒါးခံ သွယ်ဝိုက်သော ကျွန်ဘဝကို ဆွဲချနေကြပေသည်။ အမျိုးသား ဇာတိမာန် အစဉ်အလာကို မသိလျှင် ဒုက္ခရောက်နိုင်၏။ သမိုင်းအကြောင်းကို နားလည်ရမည်။သို့ဖြစ်ပါသဖြင့် ဤစာအုပ်သည် နက္ခတ်ဗေဒင် ဝါသနာရှင်၊ ပညာရှင်များသာမက လူတိုင်း ဖတ်ရှုလေ့လာသင့်သော စာအုပ်ဖြစ်ကြောင်း စေတနာထားကာ အမှာစကားပါး လိုက်ရပါသည်။

အောင်ကြည်သန်း
(ဖောင်တော်သီ)